Embassy of the Republic of the Union of Myanmar, Tokyo

# Embassy's Newsletter Volume – 15 ( 7 March 2023 )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၊

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ၊

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၊

၄။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်၊

၅။ (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန် ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပပြုလုပ်၊

၆။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ UNAIDS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအသစ် ခန့်အပ်လွှာ လာရောက်ပေးအပ်၊

၇။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊

၈။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို လက်ခံတွေ့ဆုံ၊

၉။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကျင်းပခဲ့ခြင်းကိစ္စ၊

၁၀။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm (၃)သန်း doses နှင့် ဆေးထိုးအပ် (၃)သန်း လွှဲပြောင်းလက်ခံပွဲအခမ်းအနား ကျင်းပ၊

MYANMAR EMBASSY TOKYO

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

( ၂၀၂၃ ) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ၂၂-၁-၂၀၂၃ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်ခဲ့ကြပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါး အကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကာ တရုတ်ရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြခဲ့ကြပြီး တရုတ်ရိုးရာ အကအဖွဲ့များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း၊ ထို့နောက် တရုတ်ရိုးရာအကအဖွဲ့များနှင့် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရ ပန်းခြင်းများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိပါသည်။

MYANMAR EMBASSY

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ၃၀-၁-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှု အခြေအနေများ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံထုတ်ကုန်များ အပြန်အလှန်တင်ပို့နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုတိုးတက်စေရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့်အဖွဲ့ဝင်များအား ၆-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန်၊ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းအပါအဝင် ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များတွင် အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နျူကလီးယားစွမ်းအင်နည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံ၏ ပထမဦးဆုံး နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲအခမ်းအနားကို ၆-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ အဆိုပါ စင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။





ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့သည် နျူကလီးယားနည်းပညာသတင်း အချက်အလက်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာအတွင်း လှည့်လည်ပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကဏ္ဍ၊ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍနှင့် အခြားသောကဏ္ဍပေါင်းစုံတို့တွင် အကျိုးရှိစွာ အသုံးချနိုင်မည့် အသိပညာပေးထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာကြည့်ရှုရာ ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ပြကွက်အလိုက်တာဝန်ခံများက လိုက်လံရှင်းလင်း ပြသခဲ့ကြပါသည်။





ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့က နျူကလီးယား နည်းပညာသတင်းအချက်အလက် စင်တာဖွင့်ပွဲ အထိမ်းအမှတ် အမှာစကား ပြောကြားခဲ့ကြောင်း၊ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations မှ ပေးပို့သည့် Small Modular Reactor ဗွီဒီယိုဖိုင်ကို မြန်မာစာတန်းထိုးဖြင့်ပြသပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြသခဲ့ကြပါသည်။




ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာသဘောတူညီမှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန် ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပပြုလုပ်၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်

(၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်ကို ၁၆-၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။





အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များ၊ တက္ကသိုလ် များမှ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် မြန်မာ အပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ သို့ရောက်ရှိကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးမှတ်တမ်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းနောက် မြန်မာ-ရုရှား ခေတ်အဆက်ဆက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ် ပြသခဲ့ကြောင်း၊ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာ စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ UNAIDS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအသစ် ခန့်အပ်လွှာ လာရောက်ပေးအပ်



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ကုလသမဂ္ဂ၏ ပူးတွဲအစီအစဉ် (Joint United Nations Programme on HIV/ AIDS-UNAIDS) ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး ( Country Director ) အဖြစ် တာဝန်ထမ်းဆောင်မည့် Dr. Rangaiyan Gurumurthy သည် ၉-၂-၂၀၂၃ ရက်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကိုပေးအပ်ခဲ့ပါသည်။

MYANMAR EMBASSY TOKYO

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ၁၅-၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ် ပိုမိုတိုးမြှင့်ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ခရီး သွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

MYANMAR EMB

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို လက်ခံတွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ၁၇-၂-၂၀၂၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစွာဖြင့် အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်သွားရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အပြုသဘောထောက်ပံ့မှုများ ဆက်လက်ပေးအပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စ၊ ကုလသမဂ္ဂနှင့်အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကျင်းပခဲ့ခြင်းကိစ္စ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားအား မြန်မာသံရုံး၊ တိုကျိုမြို့တွင် ၉-၂-၂၀၂၃ ရက် ( ကြာသပတေးနေ့ ) (၁၁:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ သံရုံး၏ မြေညီထပ်ရှိ ဧရာဝတီခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အခမ်းအနားသို့ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ၊ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း General (Retd.) Shigeru Iwasaki နှင့် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဟောင်း Mr. Koriki Jojima၊ တို့က အထူးဧည့်သည်အဖြစ် တက်ရောက်ခဲ့ပါသည်။ ထို့အပြင် အဆိုပါ အခမ်းအနားသို့ အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ ဂျပန်နိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများ/ သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးဒုတိယအကြီးအကဲများနှင့် သံတမန်များ၊ စစ်သံမှူးများ၊ နာဂိုယာမြို့နှင့် ကိုဘေးမြို့ရှိ မြန်မာနိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းများမှ တာဝန်ရှိသူများ၊ Asia-Pacific Ladies Friendship Association (ALFS) မှ တာဝန်ရှိသူများ၊ Tokyo Women Club မှ တာဝန်ရှိသူများ၊ ဂျပန်စီးပွားရေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် မြန်မာအစိုးရပညာတော်သင်များနှင့် ပုဂ္ဂလိကပညာသင်များ၊ ဂျပန်နိုင်ငံ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဂျပန်တက္ကသိုလ် ကျောင်းသား/ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ၊ စုစုပေါင်း ဧည့်သည်တော် (၁၈၀) ဦးကျော် တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားအစီအစဉ် မစတင်မီ မြန်မာသံရုံးမှ အမှုထမ်းများနှင့် ဒေသခန့်ဝန်ထမ်းများ ပါဝင်သော အကအဖွဲ့က “မင်္ဂလာပါ” သီချင်းအကဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံတွင် လာရောက် ပညာသင်ကြားနေကြသည့် ကျောင်းသူလေးများမှ ရခိုင်ရိုးရာ ဆီမီးခွက်အကဖြင့်လည်းကောင်း ဦးစွာ တင်ဆက် ပြသခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့၏ နိုင်ငံတော် သီချင်းများ ဖွင့်လှစ်၍ တက်ရောက်လာသူများမှ နှစ်နိုင်ငံအလံတို့ကို ဦးညွှတ် အလေးပြုခဲ့ကြပြီး အခမ်းအနားကို စတင်ခဲ့ပါသည်။ ထို့နောက် မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲအခမ်းအနား မိန့်ခွန်း ပြောကြားခဲ့ပါသည်။



ထို့နောက် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် ဂျပန်ကာကွယ်ရေး ဦးစီးချုပ်ဟောင်း General (Retd.) Shigeru Iwasaki တို့က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာ ဂုဏ်ပြုမိန့်ခွန်းများကို အသီးသီးပြောကြား ခဲ့ကြပါသည်။ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဟောင်း Mr. Koriki Jojima က (၇၅) နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် ဂုဏ်ပြုမိန့်ခွန်းနှင့် ဆုတောင်း (Toast) ပြုလုပ်ပေးခဲ့ပါသည်။




ထို့နောက် အစီအစဉ်အရ မြန်မာရိုးရာအကများဖြင့် တည်ခင်းဧည့်ခံရာတွင် ဂျပန်နိုင်ငံတွင် လာရောက်ပညာသင်ကြားနေကြသည့် International University of Japan (IUJ) မှ ကျောင်းသူလေး တစ်ဦးမှ ခိုင်မာလာနှင်းဆီတပင်တိုင်အကဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံရှိ Manjushaka ယဉ်ကျေးမှု အကအဖွဲ့မှ အကပညာရှင်နှစ်ဦးက “From Nihonbashi” အကဖြင့် လည်းကောင်း တင်ဆက်ကပြခဲ့ ကြပြီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြ သည့် ဧည့်သည်တော်များအား မြန်မာအစားအစာများနှင့် အုန်းနို့ခေါက်ဆွဲတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ပါ သည်။ ထို့နောက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့ဧည့်ခံပွဲအခမ်းအနားကို နေ့လယ် ၁၃၀၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm (၃)သန်း doses နှင့် ဆေးထိုးအပ် (၃)သန်း လွှဲပြောင်းလက်ခံပွဲအခမ်းအနားကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး Sinopharm (၃) သန်း doses နှင့် ဆေးထိုးအပ် (၃)သန်းတို့သည် ၁၉-၁-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Chen Hai နှင့် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တို့ တက်ရောက်ကြသည်။




အခမ်းအနားတွင် တရုတ်သံအမတ်ကြီးက ယခုလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းကာကွယ်ဆေးထိုး လုပ်ငန်းများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ်ကူညီပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာနှင့် ကျန်းမာရေးဝန်ထမ်း သင်တန်းပို့ချရေးစင်တာများ တည်ဆောက်ရာတွင်လည်း အကူအညီပေးလျက်ရှိပါကြောင်း၊ အဆိုပါ စင်တာများ ဆောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံ၏ ဇီဝလုံခြုံမှုဆိုင်ရာ သုတေသနပြုမှုကို အဆင့်မြှင့်တင်ပေးနိုင်မည့်အပြင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဟုမျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြည်သူသည်သာ အဓိက၊ အသက်သည်သာ အဓိကဆိုသည်ကို လက်ကိုင်စွဲ၍ ပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကာကွယ်ပေးရေးနှင့် ကပ်ရောဂါကြောင့် လူမှုစီးပွားတိုးတက်မှု အဟန့်အတားမဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ တရုတ်-အာဆီယံ ကျန်းမာရေး အသိုက်အဝန်းနှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွတည်ဆောက်သွားရန်မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်အကုန်တွင် ဖွင့်လှစ်နိုင်ရေး ရည်မှန်းဆောင်ရွက်နေသည့် မြန်မာကူးစက်ရောဂါတိုက်ဖျက်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်း

ပို့ချရေးစင်တာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ပေးနေမှုများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်လက်ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည့်အကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး (၃)သန်းကို ကျောင်းနေအရွယ်ကလေးများ၊ နာတာရှည်ရောဂါအခံရှိသော အသက်အရွယ်ကြီးသူများကို ထပ်ဆောင်းကာကွယ် ဆေးထိုးနှံမှုအနေဖြင့် အသုံးပြုသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

MYANMAR EMBASSY TOKYO